# People's Defence Force (Kalay)

---

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

**အောက်တိုဘာ ၅ ရက်၊ ၂၀၂၂**

ယမန်နေ့ အောက်တိုဘာ ၄ ရက် ညနေပိုင်း ၅ နာရီခွဲခန့် အချိန်တွင် ကလေးမြို့ဘက်မှ တောင်ပိုင်းဘက်သို့ ဦးတည်မောင်းနှင် လာသော စစ်ကား ၁၀ စီး ခန့်ပါဝင်သည့် အကြမ်းဖက် စစ်ကောင်စီ ယာဉ်တန်းသည် ပန်းမွှန်ချောင်း တံတားအကျော်တွင် ခေတ္တရပ်တန့်ကာ မိုင်းရှာဖွေရှင်းလင်းရန် အကြမ်းဖက်စစ်သားများ အဖွဲ့လိုက် ဆင်းလာပြီး လမ်းဘေးဝဲယာ မိုင်းရှာဖွေနေစဉ် မိမိတို့ PDF (Kalay) တပ်ဖွဲ့ဝင်များက အသင့် တပ်ဆင်ထားသောမိုင်းကို ဖောက်ခွဲခဲ့ပြီး တဆက်တည်း လက်နက်ငယ်များဖြင့် တရစပ်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ မင်းအောင်လှိုင်လက်ပါးစေ အကြမ်းဖက် စစ်သား ၉ ဦး သေဆုံးပြီး အများအပြားထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း အတည်ပြု သိရှိရပါသည်။ ဖောက်ခွဲ ပစ်ခတ် တိုက်ခိုက်ပြီးနောက် PDF (Kalay) တပ်ဖွဲ့ဝင်များ အထိအခိုက်မရှိ အောင်မြင်စွာ ဆုတ်ခွာ နိုင်ခဲ့ပါသည်။

**People's Defence Force (Kalay)**